ဘဒ္ဒန္တဝိုဏ္ဏောဘာသ မထေရ်မြတ် (အနိစ္စဆရာတော်)

အမျှင်မတန်း တရားတော်

၁၁ ၊ ၃ ၊ ၂၀၁၁

ဗျာ–ဗျာ–ဟော ၊ အဲဒါ– **အဗျာကတော ဧမ္မော အဗျာကတသော ဧမ္မသော ဟေတုပစ္စယေန ပစ္စယော၊** အဲဒါ **'ဗျာ–ဗျာ–ဟော'**လို့ဆိုရင် ပြီးသွားတာပဲ၊ အမှတ် အသားလေးနဲ့ပေါ့။

အဗျာကတ –ကုသိုလ်, အကုသိုလ်ဖြင့်မဟောဘူး တဲ့၊ ကုသိုလ်, အကုသိုလ် မဟုတ်ဘူးလို့ဆိုရတယ်၊ **'အဗျာ ကတ'** ဆိုတာ ဘာတုံး (ကုသိုလ် ,အကုသိုလ်မဟုတ်တာပါ ဘုရား)၊**'ကုသိုလ်'** ဆိုတာဘယ်ဟာတုံး (အလောဘ, အဒေါ သ, အမောဟ ပါဘုရား)၊**'အကုသိုလ်'** ဆိုတာဘယ်ဟာ တုံး (လောဘ, ဒေါသ, မောဟပါဘုရား)။

အေး အဲဒီကုသိုလ်ဆိုတဲ့ အလောဘ, အဒေါသ, အမောဟတွေက ဘာတုံးဆိုတော့ –**စိတ်ကောင်းတာ**၊ အဲဒါတွေက ဘာတွေတုံး (စိတ်ကောင်းတာပါဘုရား)။

စိတ်ကောင်း ကြည်လင် ဝမ်းမြောက်လျှင် သုံးအင်ဗုည ပြည့်စုံကြ၊ ဗုညပြည့်စုံ လူနတ်ဘုံ သူဌေး ဖြစ်ရ လူ့ဘဝ။

စိတ်ကောင်းတာ–အဲဒါ ကုသိုလ်ကိုပြောတာ၊ ဟိုဟာကျတော့ ဒါန, သီလ, ဥပုသ်, ဥပေါသထ၊ **'ဒါန'**က

ဝတ္ထုခေါ်တယ်၊ **'ဒါန'**ကဘာတုံး (ဝတ္ထုပါဘုရား)၊ **စိတ်ကောင်းစရာ** –ဘာတဲ့တုံး (စိတ်ကောင်းစရာပါဘုရား)၊ စိတ် ကောင်းစရာခေါ်တယ်၊ ဒါနမရှိတော့စိတ်မကောင်းဘူး မို့လား၊ အခုနေ ဒါနလေး လှူလိုက်ရတယ်ဆိုရင်တော့ စိတ်ကောင်းသွားတယ်၊ အဲဒါကို **'စိတ်ကောင်းစရာ'**လို့ ခေါ်တယ်၊ ဘာလို့ခေါ်တယ် (စိတ်ကောင်းစရာပါဘုရား)၊ အဲဒါ ဒါန, သီလ, ဥပုသ်ကို အဲဒီလိုခေါ်တယ်၊ ဟို အာရမ္မဏာ ကျတော့ ပါလာလိမ့်မယ်၊ ဟုတ်ကဲ့လား (မှန်ပါဘုရား)။

'စိတ်ကောင်းတာ' ဘယ်လိုကြောင့်ကောင်းသတုံး လို့ဆိုတော့ ဒါန, သီလ, ဥပုသ်၊ အဲဒါ ပဌာန်းနဲ့ အဲသလို မှတ်ထား၊ အဲဒါ ဒါန, သီလ, ဥပုသ်က **'စိတ်ကောင်းစရာ'**ခေါ်တယ်, **'ကုသိုလ်ဖြစ်စရာ'** ခေါ်တယ်၊ ဘာတုံး (ကုသိုလ်ဖြစ်စရာပါဘုရား) အေး အဲဒါ၊ ဒါကြောင့်ပါဠိလိုက **'ဒါနဝတ္ထု'** လို့ခေါ်တယ်၊ သီလဝတ္ထုပေါ့, ဘာဝနာဝတ္ထုပေါ့ –ဥပေါသထ။

ကုသိုလ် အကုသိုလ်က ဘာ့ကြောင့်ဘာဖြစ်တယ်, ဘာကြောင့် ဘာဖြစ်တယ်လို့ရှိတယ်မဟုတ်လား (ရှိပါတယ် ဘုရား)၊ ဖြစ်ပြီးရင် ပျက်တယ်၊ ဖြစ်ပြီးတော့ပျက်လို့ နောက်မှာ အယူအစွဲတွေ မရှိနဲ့၊ နောက်မှာ အယူအစွဲတွေမရှိဘူး ဆိုရင် အရိယာဖြစ်တယ်၊ဒကာမကြီးတို့ အရိယာဖြစ်ချင်

တယ်မဟုတ်လား(ဖြစ်ချင်ပါတယ်ဘုရား)၊ အခုက ဒါန လှူပြီးပြီ, လှူပြီးတော့ ငါလှူတယ်, သူလှူတယ်, ဘာနဲ့ အဲလိုဟာတွေဖြစ်တယ်၊ အဲလို ပြုပြီးတဲ့နောက်, ဖြစ်ပြီး တဲ့နောက်မှာ စွဲနေတယ်။

ဖြစ်တာက ဥဒယ–ဝယပေါ့၊ ဥပ္ပါဒေါတို့ ဘာတို့ ဖြစ်တာပေါ့ ၊ **ဒါနံ ဒတ္တာ ၊ဒါနံ**–အလှူကို ၊**ဒတ္တာ**–ပေး လှူပြီး၍ဆိုရင် ဒါ ဖြစ်ပြီးတဲ့ဟာပဲ၊ မဟုတ်ဘူးလား (မှန်ပါ ဘုရား)၊ စကားလည်း ပြောပြီးတဲ့ဟာ, မျက်စိကလည်း မြင်ပြီး တဲ့ဟာတွေ ၊အဲဒီဟာတွေကို ဖြစ်ပြီးရင်ပျက်တယ်ဆိုပြီးတော့ နောက်မှာ အယူအစွဲတွေမရှိတာကို ဘာခေါ်တုံး (အရိယာ ခေါ်ပါတယ်ဘုရား)၊ **'အယူအစွဲ'**ဆိုတာ ငါတွေသူတွေ မရှိတာ၊ ငါ စာသင်ပြီးပြီ, ဘာလုပ်ပြီးပြီ ၊ **'ငါတွေ'**က ဘာတွေတုံး –**'အယူအစွဲ'** ခေါ်တယ်, **'ဒိဋ္ဌိ'**ခေါ်တယ်၊ **'ဒိဋ္ဌိ ဂဏ္ဌာတိ'**တဲ့၊ ဟုတ်ကဲ့လား (မှန်ပါဘုရား)။

အဲလို **'အယူအစွဲတွေ'** မရှိတာကို ဘာခေါ်တုံး (အရိယာခေါ်ပါတယ်ဘုရား)၊ အဲလိုမှတ်ထား၊ ငါဘာလှူ တယ်, ဘာလုပ်တယ် ညာလုပ်တယ်, အယူမထားတော့ဘူး၊ ဘာပြုလို့တုံးဆိုတော့ ဒါနံ ဒတ္တာ, ဒိဋ္ဌိ ဂဏ္ဌာတိ တွေက လည်းပါသေးတာကို၊ ဒါကြောင့် အယူအစွဲတွေမရှိဘူး၊ အခု ထိုင်နေတယ် ဒကာမကြီးတို့ဘာမှမယူနဲ့၊ရိပ်မိပြီလား (ရိပ်မိ

ပါပြီဘုရား)၊ စိတ်ဘယ်လိုနေတုံး (ငြိမ်းအေးပါတယ်ဘုရား)၊ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)၊ အဲဒါ–**ဝိပဿနာ**၊ ဖြစ်ပြီးရင် (ပျက်ပါတယ်ဘုရား)၊ ပျက်တယ်ဆိုတာက–လက္ခဏာဉာဏ်၊ သစ္စာဉာဏ်ခေါ်တယ်၊ ဖြစ်ပြီးတော့ ပျက်သွားတယ်လေ၊ အဲဒါ အယူအစွဲမရှိနဲ့။

ဟို ရာဂတွေဘာတွေကြုံတယ်, စိတ်ကူးတယ်ဆိုပါတော့၊ မိန်းမတွေ ဘာတွေနဲ့ ပျော်တယ် ပါးတယ်ဆိုပါတော့၊ ဖြစ်ပြီးရင် (ပျက်ပါတယ်ဘုရား)၊ နောက်မှ**'အယူအစွဲ'** မထားနဲ့၊ ဟုတ်တယ်မဟုတ်လား(မှန်ပါ့ဘုရား)၊ အေး အရိယာဆိုတာ အဲလိုဟာ၊ **'ကြာဖက်ပေါ်မှရေလို'**ပဲတဲ့၊ ပြီးတော့လည်းပြီးသွားတာပဲ၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ အဲလို ရေတင်မနေနဲ့ ၊ပုထုဇဉ်ကတော့ ဘူးရွက်နဲ့တူတယ်တဲ့၊ ရေတွေကပ်ငြိနေတယ်၊ မကပ်ငြိဘူးလား (ကပ်ငြိပါတယ်ဘုရား)၊ ငါဘာလုပ်တယ်, ငါဘာလုပ်တယ်–ငါချည်းပဲ မပါဘူးလား(ပါပါတယ်ဘုရား)၊အဲဒါ ဒီဌိ ဂဏ္ဌာတိတွေခေါ်တယ်၊ နောက်ကျတော့ အာရုံပိုင်းကျတော့ပါလာလိမ့်မယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)။

ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ–ဗျာ–သံ–ခံပါပဲ၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ **'သံ'** က–သမ္မယုတ္တ၊**'ခံ'**က–ခန္ဓာ၊ **'သမ္မ**

ယုတ္တခန္ဓာ'ဆိုတာသိရဲ့လား–အဗျာကတဟိတ်နဲ့ယှဉ်တဲ့ခန္ဓာ၊ အဗျာကတကလည်း အလောဘ, အဒေါသ, အမောဟပဲ၊ **'ဝိပါကာဗျာကတာ'**ခေါ်တယ်၊ ဘာခေါ်(ဝိပါကာဗျာကတာ ပါဘုရား)၊ ခု မျက်စိတွေ, နားတွေ, နှာခေါင်းတွေ, လျှာတွေ, ကိုယ်တွေဟာလေ–**ဝိပါက်တွေ** ၊အဲဒါ **'အဗျာကတတွေ'** –ကုသိုလ်အကုသိုလ်မဟုတ်ဘူး၊ ကုသိုလ် အကုသိုလ် မဟောတဲ့တရားတွေ၊ အဲဒါကို ဒကာမကြီးတို့က '**ငါ**'လုပ်နေတယ်၊ စင်စစ်–**ဝိပါကာဗျာကတာ** ၊မျက်စိတွေ, နားတွေ, နှာခေါင်းတွေ ယောက်ျားတွေ မိန်းမတွေရော –**'ဝိပါက်တွေ'**ပါပဲ။

ယောက်ျားဖြစ်တယ်, မိန်းမဖြစ်တယ်လို့မရှိဘူးလား (ရှိပါတယ်ဘုရား)၊ ဖြစ်ပြီးရင် နောက်ဆက်တွဲ အယူတွေ မထားနဲ့–**'စိတ်တွေအမျှင်မတန်း'**နဲ့လို့ဆိုလိုတယ်၊ ဆိုစမ်း (စိတ်တွေအမျှင်မတန်းနဲ့)၊ ကဲငိုတယ်ဆိုပါတော့၊ ယောက်ျားသေလို့ငိုတယ်, ဘာဖြစ်လို့ငိုတယ်, ဘာဖြစ်လို့နဲ့၊အဲဒါ ဘာလုပ်တာတုံး(စိတ်တွေအမျှင်တန်းတာပါဘုရား)၊ အမျှင်တန်းလို့ ငိုတာတွေ၊ ငါ့ နောင်ဘယ့်နှယ့်နေရပါ့, ဘာပြုရမလို ညာပြုရမလို၊ပဌာန်းသင်တယ်ဆိုတာ ဝိပဿနာ ပထမတန်းဖြစ်တယ်နော်၊ပြီးတော့ အရိယာလည်းတစ်ခါတည်း ဖြစ်သွားမှာ၊ ဟုတ်ကဲ့လား (မှန်ပါဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ နောက်ဆက်တွဲ အယူမရှိ တော့ဘူးဆိုရင် ဒကာမကြီးတို့ စိတ်မအေးဘူးလား, အေးသလား (အေးပါတယ်ဘုရား)၊ လုပ်ပြီးပြီ, ဝယ်ပြီးပြီ, မြတ်မှ မြတ်ပါ့မလား, ဘာပြုမှာ ညာပြုမှာနဲ့ အမျှင်တန်းနေရင်ကဲ စိတ်မပူဘူးလား, ပူသလား (ပူပါတယ်ဘုရား)၊ဟာ ဝယ်ပြီးမှတော့ ရောင်းရရ, မရောင်းရရပေါ့၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ သူ့ဝယ်သူရှိရင် ရောင်းရလိမ့်မပေါ့၊ ရောင်းမှ ရောင်းရပါ့မလား, ငါဝယ်တာမှားနေသလား, ဘာလေလား ညာလေလားလို့ အဲသလို အမျှင်မတန်း ရဘူး၊ **'အရိယာ'**ဆိုတာ အဲလိုအမျှင်မတန်းတာကို ခေါ် တယ်၊ ကဲ လွယ်အောင်ပြောတော့ ဒကာမကြီးတို့ စိတ်မအေးဘူးလား(စိတ်အေးပါတယ်ဘုရား)၊ ကဲယောက်ျားကြီး တခြားယူသွားပြီ, ဒကာမကြီးတို့ဘယ်နှယ့်လုပ်မယ် –ယူပေ့စေပေါ့ အမျှင်သာမတန်းနဲ့ ၊အမျှင်မတန်းနဲ့ပေါ့၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ စိတ်မအေးဘူးလား, အေးသလား(အေးပါတယ်ဘုရား)။

'အရိယာ'ဆိုတာ နောက်ဆက်တွဲအယူတွေ မထားတာ၊ **'အရိယာ'**ဆိုတာဘာတုံး (နောက်ဆက်တွဲ အယူတွေမထားတာပါဘုရား)၊ အဲဒါဂရုစိုက်ရမယ်၊ ဟာ သဘော်ထွက်သွားပြီဆိုရင် ငါ့အိမ်ဘယ်လိုနေပါ့လိမ့်, ညာလို

နေပါလိမ့်မယ် လုပ်မနေနဲ့, ထွက်မှာဖြင့်ထွက်သွား, လခရရင် ယူပြီး ပြန်ပို့လိုက်၊ ပြီးသွားတာပဲ မဟုတ်ဘူးလား၊ အဲဒါ ပဌာန်းရဲ့ဉာဏ်၊ ဘာဉာဏ်တုံး(ပဌာန်းရဲ့ဉာဏ်ပါဘုရား)၊ ဘယ်သူကပေးတာတုံး (မြတ်စွာဘုရားက ပေးတာပါဘုရား)။

အေး အဲဒါ အရိယာဖြစ်ဖို့၊ မြတ်စွာဘုရား တရား ဟောရင် အရိယာဖြစ်ဖို့ ၊ဘာမှတ်လို့တုံး၊ မဖြစ်အောင် ဖြစ်နေတယ်၊ ဟုတ်ကဲ့လား၊ ဘုရားက ပထမတန်းဘုရား၊ အမျှင်မတန်းနဲ့တဲ့၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)။

ဟောတုမ္ဘယေန ပစ္ဘယာ–ကျေးဇူးပြုပြီတဲ့၊ ဟုတ်ကဲ့ လား (မှန်ပါ့ဘုရား)၊ ဒကာမကြီးတို့ ဝယ်ပြီးပြီ, မော်တော် ကားတွေ ဝယ်ပြီးပြီ, ဟာ အဖိုးနည်းတယ်, အဖိုးများတယ် လို့ လုပ်မနေနဲ့တော့၊ ဓာတ်ဆီစားသလေး ဘာလေး ညာလေး, ဝယ်ပြီးမှတော့ ဝယ်ပြီးတာပဲပေါ့၊ ဒါတွေကို ဒီအတိုင်းထား၊ အဲဒါကို **'သမ္မယုတ္တာခန္ဓာ'**ခေါ်တယ်၊ ဘာခေါ် (သမ္မယုတ္တာခန္ဓာပါဘုရား)၊ **'သမ္မယုတ်'**ဆိုတာ ယှဉ်တာ၊ ယှဉ်တာလို့ပြောပေမယ့် စေတသိက်ကျတော့ တော်တော် ယှဉ်တယ်၊ ယှဉ်တာကလေးခု–(၁)**ဇကုပ္ပါဒ**–စိတ်နှင့်တကွ ဖြစ်ရတယ် (၂)**ဇကနိရောဓ**–စိတ်နှင့်တကွချုပ်ရတယ် (၃)**ဇကာလမ္ဗန**–စိတ်နှင့်တူသော အာရုံရှိခြင်း(၄) **ဇက ဝတ္ထုက**–စိတ်နှင့်တူသော မှီရာဝတ္ထုရှိခြင်း။

အမျှင်မတန်း တရားတော်

အဲလိုမှ ယှဉ်တယ်၊ တကွချုပ်တယ်ဆိုကတည်းက ဒကာမကြီးတို့ အမျှင်တန်းစရာလိုသေးလား (မလိုပါဘူး ဘုရား)၊ အဲဒါပဋ္ဌာန်းဥာဏ်၊ အမျှင်သာမတန်းနဲ့၊ တကယ် အရိယာဖြစ်တယ်၊ မဖြစ်ဘူးလား, ဖြစ်သလား (ဖြစ်ပါတယ် ဘုရား)၊ အခုထိုင်နေတယ်–ပြီးခဲ့တဲ့ဟာသွားပြီး, ငါ့အိမ် ဘယ်လိုနေပါလိမ့်မယ်, ညာလိုနေပါလိမ့်မယ်လို့ မလုပ်နဲ့၊ တစ်ခါတည်း ဖြစ်ချင်ရာဖြစ် မဟုတ်ဘူးလား။

ဟို ဒကာမကြီး သောဏမအေ ဒကာမကြီး၊ တစ်ခါ တည်း တရားနာနေတယ်၊ သူ့သားဟောတဲ့တရား နာနေ တယ်၊ တောထဲက ပြန်လာတယ်၊ အိမ်မှာ ကောင်မလေး တစ်ယောက်တည်းရှိတယ်၊ အိမ်မှာ သူခိုးကဖောက်နေတယ်၊ စဉ့်အိုးတွေဖောက်တယ်၊ လိုဏ်ခေါင်းတွေဖောက်တယ်၊ အောက်က မြေကြီးထဲက ဖောက်ပြီးဝင်မှာ၊ ဖောက်ပြီး အိမ်ဝင်းထဲရောက်လာပြီ၊ တိုက်ဖောက်တော့မှာ၊ ကားတွေ ဖောက်တော့မှာ၊ အဲဒါ သူက ဒီမှာ တရားလာနာနေတယ်၊ သွားသွားယူပေ့စေ, ငါ့လာမပြောနဲ့၊ နောက်တစ်ခါ အိမ်ခန်းထဲရောက်ကုန်ပြီ၊ ရွှေတွေ ငွေတွေ ယူသွားပြီ၊ ယူပေ့စေ လာမပြောနဲ့, နင်မရှုပ်နဲ့ဆို, လာလာပြောနေရ သလား၊ သူက တရားနာနေတယ်။

ဒကာမကြီးတို့ ဒီလိုလုပ်နိုင်သလား (မလုပ်နိုင်ပါ

ဘုရား)၊ မလုပ်နိုင်ပါဘူး၊ ဟုတ်တယ် ဒါပဌာန်းဥာဏ်၊ ပထမ တန်း အရိယာဖြစ်တာ။

အိမ်ခန်းထဲရောက်နေပြီ, ယူနေပြီ, ဟိုကအထုပ် တွေကို ထုပ်ပြီးယူနေပြီ၊ အဲဒီဒကာမကြီးနားမှာလည်း ဓားပြ ဗိုလ်ကြီးရှိတယ်၊ သူက စနည်းနာနေတာ၊ ဒီဒကာမကြီး အိမ်ပြန်သွားမလား, ဘာလုပ်မတုံး၊ ပြန်သွားရင် အဲဒီနေရာ တင်သတ်ဖို့ချထားတယ်၊ အဲဒို့ ဓားပြဗိုလ်ကြီးကလည်း ကြားတယ်၊ ဟယ္ယကြပါစေ, နင် ဒါတွေ ငါ့ကိုလာမပြောနဲ့, သူတို့ ယူပေ့စေ၊ အဲသလိုချည်းပဲ ပြောနေတာ၊ နောက်ဆုံး အခေါက်ကျတော့လည်း အဲဒီလိုပဲ၊ အဲဒီဓားပြဗိုလ်ကြီးက ထိုင်ပြီး ဝတ်ချတော့တာပဲ။

ဒကာမကြီးပြန်သွားလို့ရှိရင် ဒကာမကြီးကိုသတ်ဖို့ ကျွန်တော် ဒီနေရာကစောင့်နေတာတဲ့၊ အခုတော့ ဒကာ မကြီးက ယူပေ့စေ, ယူပေ့စေဆိုတော့ ကျွန်တော် အဲဒါတွေ မယူတော့ပါဘူး ဆိုပြီးတော့ အိမ်ပြန်ပြီး မင်းတို့ ဒါတွေမယူနဲ့, ပြန်ပေးလိုက်ဆိုပြီး အကုန်လုံးရဟန်းတွေ ဝတ်သွားတယ်၊ ကြားဖူးတယ်မဟုတ်လား (ကြားဖူးပါတယ်ဘုရား)၊ အေး အဲဒီလို နောက်အမျှင်မတန်းတာကို ခေါ်တယ်၊ **နောက် ဆက်တွဲ အယူတွေမရှိတာ**–ဘာတဲ့တုံး (နောက်ဆက်တွဲ အယူတွေမရှိတာပါဘုရား)။

လုပ်ပြီးပြီ၊ ကဲ ယောက်ျားယူပြီးပြီ၊ ယောက်ျားက ထန်းရည်သောက်သဟ့, ဖဲရိုက်သဟ့, ဘာလုပ်သဟ့, ဘာရှုသဟ့, ဆေးခြောက်ရှုသဟ့နဲ့ လုပ်မနေနဲ့တော့၊ မရတော့ဘူး၊ သူ့ဟာသူရှုချင်ရှုပေ့စေပေါ့၊ နင်တို့က ရှုတယ်ဆိုပြီး စိတ်အမျှင်တန်းရင် ဘာဖြစ်သတုံး–**စိတ်ပူတယ်**၊ အမျှင်တန်းရင် ဘာဖြစ်သတုံး(စိတ်ပူပါတယ်ဘုရား)၊ ကဲ ယောက်ျားကမယားငယ်ယူသွားရင်လည်း ဒီလိုပဲ အမျှင်တန်းမနေနဲ့၊ စိတ်ပူသေးလား (မပူတော့ပါဘူးဘုရား)၊ အဲဒါ–ဖြစ်ပြီးရင် ဘာဖြစ်သတုံး(ပျက်ပါတယ်ဘုရား)၊ ပျက်တဲ့နောက် မရှိတော့ဘူးနော်(ဟုတ်တယ်မဟုတ်လား)၊ မှန်ပါ့ဘုရား။

ဒကာမကြီးတို့ ရှေ့မြင်တာနဲ့နောက်မြင်တာ မတူဘူး၊ ရှေ့မြင်တာက ပျက်ပြီးသွားပြီ၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အခုကြားတာလည်း(ပျက်သွားပါပြီဘုရား)၊ အဲဒါ–**အမျှင်မတန်းနဲ့**၊ ရိပ်မိပြီလား(ရိပ်မိပါပြီဘုရား)၊ အဲသလိုဆိုရင် ဘာဖြစ်သတုံး(အရိယာဖြစ်ပါတယ်ဘုရား)၊ ကဲ ဒကာမကြီးတို့ ဖြစ်ချင်သလား, မဖြစ်ချင်ဘူးလား (ဖြစ်ချင်ပါတယ်ဘုရား)၊ ဖြစ်ချင်ရင် –**အမျှင်မတန်းနဲ့**။

ဒကာမကြီး ကျောက်ထုပ်ကလေးဘာလေး ပျောက်သွားပြီ၊ ဘယ့်နှယ့်လုပ်မတုံး၊ မင့်ဘူးလား, ငိုမလား (ငိုမှာပါဘုရား)၊ ပျောက်သွားတဲ့နောက်မှတော့ ရချင်ရ, မရချင်

နေပေါ့၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ အဲဒါ **'အရိယာ စိတ်'**ခေါ်တယ်၊ ခုနတုန်းက ဒကာမကြီးမှာ ဘာစိတ်ရှိတုံး (အရိယာစိတ်ရှိပါတယ်ဘုရား)၊ အေး တစ်ခါတည်း အိမ်မှာ ဘယ်လိုယူယူ၊ ကဲ ဒီလိုထားနိုင်တော့ သူ့ကုန်သေးလား (မကုန်ပါဘုရား)၊ အေး ပြန်ရတယ်၊ အဲဒါ အရိယာ၊ စိတ္တသူကြွယ်တို့ သွားရင်လည်း အဲဒီလိုပဲ၊ ပေးရင် ပြန်ရတာ၊ အဲလိုမှတ်ထား၊ နေတတ်ပြီလား(နေတတ်ပါပြီဘုရား)။

စိတ်နေတတ်ဖို့ ပဌာန်းသင်တာ၊ ပဌာန်းတော့ သင်ပါရဲ့၊ စိတ်ကမနေတတ်ဘူးဆိုတော့လည်း ကဲ ပဌာန်း တတ်တယ်လို့ ဆိုမလား(မဆိုပါဘူးဘုရား)၊ အဲသလို စိတ်နေ တတ်မှ။

အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ ဟေတုပစ္စယေန ပစ္စယော။

'အကြောင်း'က–အလောဘ, အဒေါသ, အမောဟ၊ **'အကျိုး'**က ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၊ အဲဒါဗျာ–သံ–ခံ၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)။

ပြီးတော့ **'စိတ်ကြောင့်ဖြစ်တဲ့ရူပ်'**–စိတ္တ–သ–ရူ၊ ဗျာ–စိတ္တ–သ–ရူ ပဲ၊ **'စိတ္တသမุฏฐานရူပ်'**ခေါ်တယ်၊ ဘာခေါ် (စိတ္တသမุฏฐานရူပ်ခေါ်ပါတယ်ဘုရား)၊ **စိတ်ကြောင့်ဖြစ်တဲ့ရူပ်**– အခုစကားပြောတာ ဘာကြောင့်ဖြစ်တဲ့ရူပ်တုံး (စိတ်ကြောင့် ဖြစ်တဲ့ရူပ်ပါဘုရား)၊ ပြောပြီးလို့ရှိရင် ငါပြောပြီးတာမှားလေ

ခြင်း, ဘာခြင်းညာခြင်း မလုပ်နဲ့တော့၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ အဲလိုအမျှင်မတန်းတော့ဘူး၊ ဘာစိတ်တုံး (အရိယာစိတ်ပါဘုရား)၊ အေး အဲလိုမှတ်ထား။

ပြီးတဲ့နောက် ငါဘာဖြစ်တယ်, ညာဖြစ်တယ်လို့ သွားလုပ်မနေနဲ့တော့, တွေးမနေနဲ့တော့, ပြီးခဲ့တာပြီးပြီးသား၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ ပြီးခဲ့တာပြီးပြီးသား ဆိုတာ သိလား–ဘာလုပ်ခဲ့လို့, ညာလုပ်ခဲ့လို့တဲ့၊ အရိယာစိတ်တွေ မရှိဘူး၊ အခု အမျှင်တန်းနေတယ်၊ ကုန်ရှုံးသွားပြီ, ဘာလုပ်သွားပြီ မရှိဘူးလား(ရှိပါတယ်ဘုရား)၊ မြတ်မယ်ထင်လို့ နေပြည်တော်သွားပြီးတော့ ကျောက်တွေ သွားမရောင်းဘူးလား(ရောင်းပါတယ်ဘုရား)၊ ရှုံးလာတော့ ကုန်ရှုံး တစ်ခေါက်ပေါ့၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ အောင်မာ မှန်ပါ့ဘုရား, မှန်ပါ့ဘုရားနဲ့၊ **အမျှင်မတန်းနဲ့**–ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)။

မြင်ပြီးရင်(ပျက်ပါတယ်ဘုရား)၊ အဲဒါဖြစ်ပြီးရင် ပျက်တယ်တဲ့၊ အဲဒါ–**ဥဒယဗ္ဗယ**၊ အဲဒီလို အသိမရှိဘဲနဲ့ အသက်တစ်ရာရှည်လည်း မမြတ်ဘူးတဲ့၊ အဲဒီလို အသိနဲ့ တစ်နေ့တစ်ရက်တည်း နေလိုက်ရတာက မြတ်တယ်တဲ့၊ ကဲ ဘယ်လောက်ကောင်းတဲ့ တရားတုံး၊ အဲဒါဘာတရားတုံး–**အရိယာတရား**၊ အဲဒါ–**ပဌာန်းကပြောတဲ့တရား**၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)။

ဒါနံ ဒတ္တာ–ဆိုစမ်း(ဒါနံ ဒတ္တာ)၊ အနက်ပေး

လိုက်စမ်း(ဒါနံ–အလှူကို၊ ဒတ္တာ–ပေးလှူပြီး၍)၊ ပေးပြီးပါပြီ ဆိုမှ ငါပေးလိုက်တာ မှားတယ်ဘာတယ် သွားမလုပ်နဲ့၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ **'ဒတ္တာ'**ကို အနက်ပေးလိုက်စမ်း(ပေးလှူပြီး၍)၊ ကဲ ပေးလှူပြီးမှတော့ ငါ့ဟာဆိုပြီး ပြန်တောင်းနေလို့ မဖြစ်တော့ဘူး၊ ပြီးပြီ, လှူပြီးသွားပြီ၊ အဲဒါ အမျှင်မတန်းနဲ့၊ အဲဒါမှ **'အရိယာစိတ်'**မဟုတ်လား၊ **'ဒတ္တာ'**တဲ့၊ **သီလံ**–သီလကို၊ **ရက္ခိတ္တာ**–စောင့်ရှောက်ပြီး၍ **ဥပေါသထကမ္မံ**–ဥပုသ်ကံ၊ ဒါက အလှူအတန်း။

အကုသိုလ်–ပါဏာတိပါတတွေလည်း အဲဒီလိုပဲ၊ သတ်ပြီးလို့ရှိရင် နောက်တစ်ခါ ထပ်သတ်, တစ်ခါသတ်, နှစ်ခါသတ်, သုံးခါသတ်, လေးခါသတ်၊ သတ်လို့မဆုံး၊ ငရဲကျလို့ ဆုံးသေးလား(မဆုံးတော့ပါဘူးဘုရား)၊ အဲဒါဘာဖြစ်လို့တုံး(အမျှင်တန်းလို့ပါဘုရား)၊ **ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ**–အဲဒါက အမျှင်မတန်းတာကို ခေါ်တယ်၊ ဘာခေါ် (အမျှင်မတန်းတာကိုခေါ်ပါတယ်ဘုရား)၊ အဲလို အဲဒါမှ စာတတ်တယ်ခေါ်တယ်၊ ဘာတတ်တယ်ခေါ်တယ် (စာတတ်တယ်ခေါ်ပါတယ်ဘုရား)၊ အဲဒါ **'အရိယာ'**ဖြစ်အောင်လို့၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)။

ကဲ စိတ်တွေ မကြည်လင်ဘူးလား(ကြည်လင်ပါတယ်ဘုရား)၊ အဲဒါ **'စိတ်ကောင်းကြည်လင်'**ကို ကုသိုလ် ခေါ်တယ်၊ **'စိတ်မကောင်း မကြည်လင်'**ကို ဘာခေါ်

(အကုသိုလ်ခေါ်ပါတယ်ဘုရား)၊ အေး ကုသိုလ်, အကုသိုလ် ကို အခုမှသိတာ၊ အရင်တုန်းက သိတာမဟုတ်ဘူး၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ ကဲ လှူတန်းနေတော့ လှူမှန်း တန်းမှန်းသိရဲ့လား(မသိပါဘုရား)၊ မသိပါဘူး၊ မိရိုးဖလာ အတိုင်းလုပ်တာပဲ၊ အမျှင်တန်းရမယ်, မတန်းရဘူးဆိုတာ သိရဲ့လား(မသိပါဘူးဘုရား)၊ အမျှင်မတန်းရင် ခဏခဏ ကုသိုလ်ရတယ်၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)၊ ခဏခဏ ကုသိုလ်ရတော့ နတ်ကြီးဖြစ်တယ် ဆိုပါတော့၊ နတ်သမီး တွေနဲ့ ဘာလုပ်ကြတုံး သိလား၊ ကာမဂုဏ်ခံစားကြတာပေါ့၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ အရိယာဖြစ်သေးလား (မဖြစ် တော့ဘုရား)၊ အေး အဲလိုဟာတွေ။

ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ။

ပဋ္ဌိသန္ဓိကွဏော ဝိပါကာဗျာကတာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော။ ။

ဟေတူ–ဟိတ်ဖြစ်ကုန်သော၊ **ဝိပါကာဗျာကတာ** –ဝိပါက်အဗျာကတတို့သည် လည်းကောင်း, **ကိရိယာဗျာ ကတာ**–ကိရိယာအဗျာကတ တို့သည်လည်းကောင်း၊ **သမ္မ**

ယုတ္တကာနံ ခန္ဓာနံ–သမ္မယုတ်ဖြစ်ကုန်သော ခန္ဓာတို့အား လည်းကောင်း၊ **စိတ္တသမုဋ္ဌာနာနံ**–စိတ်ကြောင့် ဖြစ်ကုန်သော, **ရူပါနဉ္စ**–ရုပ်တို့အား လည်းကောင်း။

ပဋိသန္ဓိက္ခဏေ–ပဋိသန္ဓေခဏ၌ ၊**သမ္မယုတ္တကာနံ**–သမ္မယုတ်ဖြစ်ကုန်သော, **ခန္ဓာနဉ္စ**–ခန္ဓာတို့အားလည်းကောင်း၊ **ကဋတ္တာ ရူပါနဉ္စ**–ကဋတ္တာရုပ်တို့အား လည်းကောင်း။

ဟေတုပစ္စယေန–ဟေတုပစ္စည်းဖြင့်၊ **ပစ္စယော**–ကျေးဇူးပြုသည်၊ **ဟောတိ**–ဖြစ်၏။

ပဋိသန္ဓေခဏမှာလည်း ခဏလေးတောင်မှ စိတ်ကြောင့်ဖြစ်တဲ့ရုပ်ကလေးဖြစ်သွားတယ်၊ ပြီးတော့ ကဋတ္တာရုပ်ဆိုတဲ့ ကမ္မဇရုပ်တွေကိုလည်း ဖြစ်စေတယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ ကုသိုလ်ကတော့ အဲဒီလိုထားတော့၊ အကုသိုလ်ကျတော့ ဒီဝရဲတို့ဘာတို့ကျတော့ ဟိုက သမ္မယုတ်ဟိတ်လို့ခေါ်တယ်၊ ဒီနေရာကျတော့, ပဋိသန္ဓေခဏကျတော့ ဇနကဟိတ်ဖြစ်သွားတယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ အဲလိုခွဲရတယ်၊ ဘယ်လိုခွဲတုံး–သမ္မယုတ္တဟိတ်ဒ့, ဇနကဟိတ်၊ သမ္မယုတ္တနဲ့တော့ ဟိတ်မဖြစ်ဘူး၊ ဇနကကတော့ ဟိတ်ဖြစ်တယ်၊ ဒါ–**အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏာ**၊ အဲဒါက ဝရဲသွားတယ်၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)။

ကုသလဝိပါက် ဥပေက္ခာသဟဂုတ်–ဒါကျတော့ ပိုလီယိုရောဂါတို့, မျက်စိမမြင် မွေးကတည်းကကန်းတာလေး

တွေ ဘာတွေ, နားထိုင်းတာတွေ, နားမကြားတာတွေ၊ အဲဒါတွေခေါ်တယ်၊ ကဲ ရိပ်မိပြီလား(ရိပ်မိပါပြီဘုရား)၊ ဒါမှ ပြည့်စုံသွားတယ်၊ အဲလိုခွဲမှ၊ သို့မို့ ကုသိုလ်ချည်းပဲဆိုလို့ရှိရင် ကောင်းတာချည်းပဲ ဖြစ်ကုန်မှာပေါ့၊ နတ်တွေရော, လူတွေ ရော၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ မျက်စိကောင်း, နားကောင်းဖြစ်မှာပေါ့၊ မျက်စိမကောင်း၊ နားမကောင်းတဲ့လူ ဖြစ်နေတာကြီးက ဘယ်လိုတုံးဆိုတော့ အဲဒီ **'ကုသလ ဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ'**ခေါ်တယ်၊ အဟိတ် ဝိပါက်မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ အဟိတ်ဖြစ်နေတာ ကျတော့ သမ္ပယုတ္တကမယှဉ်ဘူး၊ ဒါပေမယ့် ဇနကတော့ ဖြစ်တယ်၊ ဒီလို အယူတွေက ပထမတန်းဖြစ်သွားတယ်၊ ဒီတော့ရှင်းမသွားဘူးလား (ရှင်းသွားပါတယ်ဘုရား)။

ကဲ အကုသိုလ်မလုပ်နဲ့၊ လုပ်ရင် မျက်စိတွေ ဘာတွေက အဲလိုဟာမျိုးဖြစ်သွားတာ၊ သူတကာ့မျက်လုံးကြီး ကို ရန်ဖြစ်ရင်ကုတ်မထုတ်နဲ့၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ လက်ဝှေ့သတ်တယ်၊ တကယ့်ရန်သူတွေကျတော့ ကုတ် ထုတ်လိုက်တာ၊ တစ်ဘဝလုံးဘာမှ မလုပ်နိုင်တော့ဘူး၊ သေရုံပဲရှိတော့တယ်၊ မျက်လုံးကြီးကလည်း မမြင်တော့ဘူး၊ မကြောက်ဘူးလား, ကြောက်သလား (ကြောက်ပါတယ် ဘုရား)၊ ဖြစ်ပြီးမှတော့ ကြောက်မနေနဲ့တော့။

အမျှင်မတန်းရင်ဘာဖြစ်သတုံး (အရိယာဖြစ်ပါ

တယ်ဘုရား)၊ ကြောက်နေရင် ဘာဖြစ်သတုံး–နောက်ကျရင် ငရဲဖြစ်ဦးမှာ၊ ပုထုဇဉ်ဖြစ်ရင်၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ ကြောက်တယ်ဆိုတာဘာတုံး–ဒေါသဖြစ်သွားတယ်၊ ဒီကောင် မလေး မကျေမချမ်းဖြစ်ရင်လည်း (ဒေါသဖြစ်ပါတယ် ဘုရား)၊ အဲလိုဖြစ်ကုန်တယ်။

အမျှင်မတန်းရင် ဘာဖြစ်သတုံး(အရိယာဖြစ်ပါ တယ်ဘုရား)၊ ဘာပြုလို့တုံးဆိုတော့ ဖြစ်ပြီးရင် ဘာဖြစ်သတုံး (ပျက်ပါတယ်ဘုရား)၊ အဲသလိုယူမှ–**လက္ခဏာဉာဏ်**၊ အနိစ္စ ဒုက္ခရောက်မှာပေါ့၊ တစ်သက်လုံး ဥဒယ–ဝယ မမြင်တာ ထက်, တစ်နေ့မြင်လိုက်ရတာက မြတ်တယ်၊ အဲဒါမျိုးကို ခေါ်တယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ ဖြစ်ပြီးပျက်တယ် ဆိုတော့ ဒကာကြီးလည်း ဘာအသုံးကျတုံး(မကျပါဘူး ဘုရား)၊ ဖြစ်ပြီးပျက်သွားတော့ သူလည်းသေရင် ဘာဖြစ် သွားတုံး (ဖြစ်ပြီးပျက်သွားတာပါဘုရား)၊ ဒကာကြီးသေရင် ဘာငိုစရာရှိတုံး(မရှိပါဘုရား)၊ အဲဒါ**'အမျှင်မတန်းတာ'** လို့ခေါ်တယ်။

ငိုရင် ဘာဖြစ်လို့ ငိုတာတုံး(အမျှင်တန်းလို့ပါဘုရား)၊ နောက်အယူတွေ ဖြစ်နေတယ်၊ ဟုတ်ကဲ့လား(မှန်ပါဘုရား)၊ **'ငါ့'**ဘယ်လိုလုပ်ရမတုံး၊ **'ငါ့'**ဆိုတာဘာတုံး(ဒိဋ္ဌိပါဘုရား)၊ **'ဒိဋ္ဌိ'**ဆိုတာဘာတုံး–**အယူ**၊ ဒိဋ္ဌိဆိုတာက ပါဠိလိုဖြစ်နေ တယ်၊ ဒိဋ္ဌိဆိုတာက ယူတာ၊ အဲလိုမယူနဲ့လို့ပြောတာ၊

ပိုက်ဆံတွေ ကုန်သွားပြီ၊ တစ်ခါတည်း တချို့သေတောင် သေတယ်၊ မဟုတ်ဘူးလား(မှန်ပါဘုရား)၊ နှမြောလွန်းလို့၊ ဘာဖြစ်လို့(နှမြောလွန်းလို့ပါဘုရား)၊ ဘာဖြစ်လို့ နှမြော–အမျှင်တန်းရင် နှမြောတယ်။

ကဲ ဘုရားလောင်းဝေဿန္တရာမင်းကြီး ဆင်ကြီးလှူတယ်၊ မလှူဘူးလား(လှူပါတယ်ဘုရား)၊ ဆင်ကြီးမှာ တပ်ထားတဲ့တန်ဆာတွေက တစ်တိုင်းပြည်စာလောက်တန်တယ်၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ ပုလဲတွေဘာတွေ ဆင်ထားတာတွေပေါ့၊ ဆင်ကျွေးတဲ့သူရော, စောင့်ထိန်းတဲ့သူရော, ဟိုဟာသိမ်းတဲ့သူရော, ခြောက်ယောက်၊ ဆင်အခြီအရံ လှူရသေးတယ်၊ ကျွေးတဲ့သူ ရော, သန့်ရှင်းအောင်ဆေးပေးတဲ့သူရော, ဘာတွေရော ညာတွေရောပေါ့။

ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ဆိုသလို အဲဒီဆင်ကြီးပါရင် စစ်တိုက်လို့နိုင်တယ်၊ မဟုတ်ဘူးလား(မှန်ပါဘုရား)၊ ဒီဆင်ကြီးလှူတာကို တိုင်းသူပြည်သားတွေကကြိုက်သလား(မကြိုက်ပါဘုရား)၊ မကြိုက်တော့ ဝေဿန္တရာမင်းကြီးကို အလိုမရှိဘူးတဲ့၊ ကဲ သူ လှူချင်တာသာ လှူပစ်နေတယ်, ဒီတိုင်းသူပြည်သားတွေကို မင့်ဘူးတဲ့၊ မဟုတ်ဘူးလား(မှန်ပါဘုရား)၊ ဒီဆင်ကြီးမရှိတော့ စစ်ရှုံးရင် ဘယ့်နှယ့်လုပ်မတုံးတဲ့၊ ကျွန်သပေါက်ဖြစ်ကုန်မှာပေါ့၊ မဟုတ်

ဘူးလား(မှန်ပါဘုရား)။

အရှင်မင်းကြီး–သားကိုပစ်မလား, တိုင်းပြည်ကို ပစ်မလားနဲ့၊ တစ်ခါတည်း ဖအေကြီးကိုသွားပြောတာ၊ သူ့ဥစ္စာသူလျှောတာပဲ၊ ဟာ သူ့ဥစ္စာဆိုပေမယ့်မရဘူး၊ တိုင်းပြည်က အဲသလိုလုပ်လိုက်တာ၊ (ဂ)ရက်လောက်တော့ စောင့်ပါဦး၊ (ဂ)ရက်ပြီးရင်တော့ တိုင်းပြည်ကထွက်ပါ့မယ်လို့ သူက ပြောတာ၊ အဲဒီ(ဂ)ရက်လုံးလုံး (ရ၀၀)ချည်းပဲ လျှောချလိုက်တာ၊ ခုနစ်မျိုး–ဆင(ရ၀၀), မြင်း(ရ၀၀), စိန်တွေ ကျောက်တွေ ကလည်း(ရ၀၀)စီပေါ့၊ ဟိုဟာလေးထဲ ထည့်ပြီးတော့၊ ကဲ နောက်ပြန်တွန့်သေးလား (မတွန့်တော့ပါဘူးဘုရား)၊ မတွန့်တာ ဘယ်သူတုံး(ဘုရားလောင်းပါဘုရား)။

ဘုရားလောင်းနဲ့ အရိယာက အတူတူပဲ၊ ဒါ့ကြောင့် ဘုရားလောင်းဖြစ်လို့ အရိယာဖြစ်တာ၊ နင်တို့လည်း ဗောဓိလောင်းတွေပေါ့၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ ရဟန္တာလောင်းဆိုမှ ရဟန္တာဖြစ်တော့မယ်ပေါ့၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ အာသဝေါတရား ကုန်ရပါလို့၏, ဘာ၏ညာ၏နဲ့ ဆုမတောင်းဘူးလား (ဆုတောင်းပါတယ်ဘုရား)၊ အခုမကုန်ဘူးလား, ကုန်သလား (ကုန်ပါတယ်ဘုရား)၊ **အမျှင်မတန်းရင် ဘာဖြစ်သတုံး**–အာသဝေါ ကုန်သွားတယ်။

ပြီးတော့ ဒီက အဗျာကတဆိုတာ ကုသိုလ် အကုသိုလ်ဟုတ်ကဲ့လား(မဟုတ်ပါဘုရား)၊ ဒကာမကြီးတို့ မျက်စိတွေ ဘာတွေ, ယောက်ျားလင်အင်္ဂါတွေ ဘာတွေက ဒကာကြီးတို့, ဒကာမကြီးတို့မဟုတ်ဘူး–**ဝိပါကာဗျာကတတွေ**၊ ဘာတွေတုံး(ဝိပါကာဗျာကတတွေပါဘုရား)၊ ကဲ မိန်းမတွေ ယောက်ျားတွေ ဟုတ်သေးလား (မဟုတ်တော့ပါဘူးဘုရား)၊ အဲဒီအထင်တွေ လွတ်မသွားဘူးလား (လွတ်သွားပါတယ်ဘုရား)၊ လွတ်သွားတော့ ဝိမုတ္တိဉာဏ်တွေ မရဘူးလား, ရသလား(ရပါတယ်ဘုရား)၊ ဘာမှငြိကပ်မနေတော့ဘူး၊ မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ အဲဒီ**'ဝိပါကာဗျာကတာ'** တစ်ခုတည်းနဲ့ကိုဟန်တယ်၊ ဘာနဲ့ဟန်တုံး (ဝိပါကာဗျာကတာနဲ့ ဟန်ပါတယ်ဘုရား)။

ဒကာမကြီး ဟုတ်သေးလား(မဟုတ်ပါဘူးဘုရား)၊ ဒကာကြီးရော ဟုတ်သေးလား(မဟုတ်ပါဘူးဘုရား)၊ ကဲ သေတော့ဘာအရေးကြီးသတုံး၊ ဘာမှအရေးမကြီးဘူး၊ ကဲ အမျှင်သာမတန်းနဲ့၊ မဟုတ်ဘူးလား (မှန်ပါဘုရား)၊ အရိယာတွေ တစ်တိုင်ပြည်လုံး ဖြစ်ကုန်မှာ၊ အဲဒီလိုသာလုပ်၊ မဟုတ်ဘူးလား(မှန်ပါဘုရား)၊ နှမြောမနေနဲ့၊ သားတွေကော ဟုတ်သေးလား(မဟုတ်ပါဘုရား)၊ ဘာတွေတုံး(ဝိပါကာဗျာကတာပါဘုရား)၊ **ဝိပါကာဗျာကတာတွေ**–ကဲအက်ျီတွေ, လုံချည်တွေကလည်းဘာတဲ့တုံး (ဝိပါကာဗျာကတာပါဘုရား)၊ ရက်

စက်မှုကြောကွဲ, ရဲမှမင်းဖြစ်၊ မမြင်ဘူးလား ဝေဿန္တရာမင်းကြီး။

ဒကာကြီးတို့ဖြင့် လက်ပတ်နာရီလေးပေးစမ်းပါ ဆိုရင် ကဲ ပေးနိုင်သေးလား(မပေးနိုင်ပါဘုရား)၊ အနိစ္စ, ဒုက္ခ,အနတ္တနဲ့ဆိုစမ်း (အနိစ္စ,ဒုက္ခ,အနတ္တနဲ့)၊ ကဲ ရယ်စရာ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)၊ ဘုရားလောင်းနဲ့ တူသေးလား(မတူပါဘုရား)၊ ဘာပြုလို့–နှမြောလို့ ဝေဿန္တရာ မင်းကြီးကနှမြောသေးလား(မနှမြောပါဘူးဘုရား)၊ အေး အဲလို၊ အဲဒါ **'ဝိပါကာဗျာကတာ'**သိလို့၊ သိတော့မှာပေါ့၊ သူကဘုရားဖြစ်တော့မှာကိုး၊ နောက်တတိယဘဝကျတော့ ဖြစ်တော့မှာ၊ အဲသလိုတွေကြီ၊ဒါ ဝိပါကာဗျာ ကတာ။

'ကိရိယာ ဗျာကတာ' ကျတော့ အဲဒီလို အမျှင် မတန်းတော့ဘူး၊ **'ဝိပါကာဗျာကတာ'**က အမျှင်တန်းတယ်၊ ရန်သူနဲ့တွေ့ပြီ၊ ကဲ ကိုယ့်ခန္ဓာကိုယ်ကြီး သူလုပ်ချင်သလို လုပ်သွားမှာ၊မဟုတ်ဘူးလား(မှန်ပါ့ဘုရား)၊ မျက်လုံးကြီးတွေ ဘာကြီးတွေ မဖောက်ဘူးလား, ဖောက်မှာလား (ဖောက်မှာပါ ဘုရား)၊မကြောက်ဘူးလား, ကြောက်သလား (ကြောက်ပါ တယ်ဘုရား)၊အဲဒါ **'ကိရိယာဗျာကတာ'** ကျတော့မကြောက် တော့ဘူး၊ အဲဒါ ဘုရား,ရဟန္တာဖြစ်သွားပြီ၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ **'ဝိပါကာဗျာကတာ'**ကကြောက်တယ်၊ ဘာဖြစ်လို့ ကြောက်တုံးဆိုတော့–**အမျှင်တန်းလို့ကြောက် တယ်**၊ ဘာဖြစ်လို့ကြောက်တုံး (အမျှင်တန်းလို့ကြောက်ပါတယ်

ဘုရား)။

'အမျှင်တန်းတယ်' ဆိုတာဘာတုံး–နောက်ဆက်တွဲ အယူတွေယူနေတယ်၊ ငါ့ ဘာဖြစ်ပါလိမ့်မယ်, ငါ့ဘာဖြစ်ပါလိမ့်မယ်နဲ့ အဲလိုယူတာ၊ ပြီးတော့**'ငါ'**ကရှိသေးလား (မရှိပါဘူးဘုရား) အဲလိုဟာမျိုး၊ မရှိမှမရှိတယ်၊ တကယ်မရှိတာ၊ သို့မိုလို့ဆိုရင် ရှိရှိနေတယ်၊ ဟုတ်ကဲ့လား(မှန်ပါဘုရား)၊ ပြောလိုတာက အဲဒီလိုဟာတွေပါ၊ ကဲတော်ကြဦးစို့။

သာဓု ... သာဓု ... သာဓု

သတ္တဝါမရှိဟူသော အသိသည်သာလျှင် လိုရင်းဖြစ်သည်။

'သီရိဂေဟာ' အီလက်ထရောနစ်မှ ရိုက်ကူးတည်းဖြတ် ပူဖော်ပါသည်။

အမှတ် ၁၈၀–၁၈၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတာမြို့နယ်၊
ရန်ကုန်။ ဖုန်း –၀၁–၃၇၄၆၈၈။

မအေးမြတ်စုမှ ရေးသားပူဖော်ပါသည်။